## ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့တွင် မြန်မာနိုင်ငံတွင်း ဝေဒနာရှင်များ ခိုကိုးရာမဲ့ဖြစ်နေ
၁ ဒီဇင်ဘာ ၂၀၀၇

ဒီကနေ့ဟာ နိုင်ငံတကာ အေအိုင်ဒီအက်စ်နေ့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ အေအိုင်ဒီအက်စ် ဝေဒနာရှင်တွေခိုကိုးရာ မဂ္ဂင်ကျောင်းတိုက်ကို အာဏာပိုင်တွေ အတင်းပိတ်ပြစ်ခဲ့လို့ ဒုက္ခရောက်ကြရပါတယ်။ ဒါပေမယ့် ထိုင်းနယ်စပ်ရောက် မြန်မာနိုင်ငံသားတွေအဖို့တော့ ပြည်တွင်းနဲ့စာရင် အားကိုးစရာရှိနေပါသေးတယ်။ အသေးစိတ်ကို ဗီအိုအေ မြန်မာပိုင်းရဲ့ ထိုင်းအခြေစိုက် သတင်းထောက် ဒေါ်အေးအေးမာက သတင်းပေးပို့ထားပါတယ်။

ဒီကနေ့ကျရောက်တဲ့ ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့နဲ့တိုက်ဆိုင်စွာပဲ မြန်မာနိုင်ငံ နယ်အသီးသီးက အိပ်ချ်အိုဗီ ဝေဒနာရှင်တွေကို နေထိုင်စားသောက်ရေး အကူအညီပေးနေတဲ့ ရန်ကုန် သင်္ကန်းကျွန်းမြို့နယ်က မဂ္ဂင်ဘုန်းကြီးကျောင်း အပိတ်ခံလိုက်ရတာကြောင့် ဝေဒနာရှင်တွေအတွက် ခိုလှုံရာတစ်ခု ပျောက်ဆုံးသွားရပါပြီ။ ဝေဒနာရှင်တစ်ဦး ပြောပြတာကတော့ –

"ကျောင်းကြီး ပိတ်လိုက်တဲ့အတွက် ဝေဒနာရှင်တွေအတွက် အင်မတန်မှ ဆုံးရှုံးမှု၊ နစ်နာမှုတစ်ခုပေါ့ဗျာ။ ကျောင်းရှိခြင်းအားဖြင့် လူနာတွေရဲ့ စားစရိတ် နေစရိတ် အဆင်ပြောရုံတင်မကဘူး။ မကျန်းမာတဲ့အခါမှာလည်း ဘုန်းကြီးတွေက လူနာတွေကို ပြုစုစောင့်ရှောက်ပေးတယ်ခင်ဗျ။ အဲဒီကနေ အခုလို ကမ္ဘာ့အိပ်ချ်အိုင်ဗီနေ့မှာ လူနာတွေကို ဘယ်လို အကူအညီပေးရမလဲ၊ ဘယ်လို စောင့်ရှောက်ရမလဲ ဖေးမရမလဲ ပြုလုပ်နေတဲ့အချိန်မှာတော့ ဒီ ကျနော်တို့ဆီမှာကတော့ ကျနော်တို့ကို ကူညီတဲ့သူတွေ ဒုက္ခရောက်လို့ ထွက်ပြေးနေရတယ်ခင်ဗျ။"

နယ်က ရောက်ရှိလာတဲ့ ဝေဒနာရှင်နောက်တစ်ဦး ပြောပြတာက –

"မဂ္ဂင်ကျောင်းတိုက်ကို ပိတ်လိုက်တယ်ဆိုတာ လူနာတွေအတွက် နစ်နာမှုအများကြီး ရှိတယ်။ အများကြီးဆိုတာ ပြောလို့မကုန်နိုင်လောက်အောင်ဖြစ်တယ်ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ရန်ကုန်ဆိုတဲ့မြို့တွေမှာ ကျောတစ်နေရာစာချဖို့ တော်တော်ခက်ခဲတယ် အစ်မရဲ့။ အစား စားဖို့ ဖန်တီးလို့ရပေမယ့် ကျောတစ်နေရာစာအတွက် ကျမတို့ တော်တော်လေး ဒုက္ခဖြစ်ရပါတယ်။ နောက် ဆေးစာရင်းတိုင်ရတဲ့ကိစ္စတွေ အစအဆုံးပေါ့၊ အားလုံးအခက်အခဲတွေ ဖြစ်သွားပါတယ်။ နေရာတစ်နေရာကနေ တစ်နေရာ လူနာတွေအတွက် ဘယ်လိုမှ မသင့်လျော်ဘူးရှင့်၊ နောက် ပိုပြီးတော့ ဆိုးတာက မဂ္ဂင်ကျောင်းဆိုတဲ့ဟာက ကျမတို့အတွက် တကယ့်ကို နိဗ္ဗာန်ဘုံတစ်ခုလိုဖြစ်ပါတယ် အစ်မရေ။ ဘာလို့လဲဆိုတော့ ဆရာတော်ကလည်း အင်မတန်မှ မေတ္တာတရား ပြည့်ဝတယ်။ လူနာတွေအပေါ်ကို နားလည်မှုအများကြီး ပေးနိုင်တယ်။ အကူအညီလည်း အများကြီးပေးနိုင်တယ်။ အဲဒါကြောင့် ဒီ မဂ္ဂင်ကျောင်းတိုက်ကြီး ပျက်သွားတယ်ဆိုတာ ကျမတို့လူနာတွေအတွက် ဆုံးရှုံးနစ်နာမှုဆိုတာ ပြောလို့မကုန်နိုင်အောင်ပါပဲရှင်။"

ဒါကတော့ ရန်ကုန်မြို့က အခြေအနေတွေပဲဖြစ်ပါတယ်။ ထိုင်းမြန်မာနယ်စပ်မှာလည်း အိပ်ချ်အိုင်ဗီ အေအိုင်ဒီအက်စ် ဝေဒနာသည်တွေ အများအပြား ဖြစ်ပေါ်နေတာကြောင့် ကျန်းမာရေး ပညာပေးလုပ်ဆောင်တဲ့အနေနဲ့ အိပ်ချ်အိုင်ဗီ ဝေဒနာရှင်တွေကို အားပေးတဲ့အနေနဲ့ အထိမ်းအမှတ် ချီတက်ပွဲကို ထိုင်းမြန်မာနယ်စပ်မှာရှိတဲ့ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ အလုပ်သမားရေးဆောင်ရွက်နေတဲ့အဖွဲ့တွေက ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြပါတယ်။

ထိုင်းမြန်မာနယ်စပ် မဲဆောက်ဆေးရုံကြီးကနေ မယ်တော်ဆေးခန်းအထိ ချီတက်ပွဲကို ပြုလုပ်ခဲ့ကြပါတယ်။ မယ်တော်ဆေးခန်းရောက်တဲ့အခါမှာတော့ ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ အခမ်းအနား ပြုလုပ်ခဲ့ရာမှာ ဆရာမကြီး ဒေါက်တာ စင်သီယာမောင်က အခုလို ပြောသွားပါတယ်။

"နိုင်ငံရေးခေါင်းဆောင်တွေကဖြစ်စေ ဒီ အေအိုင်ဒီအက်စ် ရောဂါတိုက်ဖျက်ရေးကို ဒီ့ထက်ပိုပြီးတော့ ထိထိရောက်ရောက်နဲ့ ပူးပေါင်းဆောင်ရွက်ကြဖို့၊ ဦးစီးဦးဆောင်တဲ့သူတွေရော ကျန်းမာရေးစောင့်ရှောက်မှုလုပ်နေတဲ့ နည်းပညာအဖွဲ့တွေရော၊ ပြည်သူလူထုအဖွဲ့အစည်းတွေကပါ အားလုံးက ကတိ

သစ္စာရှိရှိနဲ့ ဒီရောဂါတိုက်ဖျက်ရေးအတွက် တစ်ဦးချင်းပါဝင်ဆောင်ရွက်မှသာလျှင် ဒီရောဂါတွေ ကျဆင်းသွားမှာဖြစ်ပါတယ်။ နော် – ဒါကြောင့် ကျမတို့ ဒီနေ့ ဒီလို စုစုဝေးဝေးနဲ့ ဒေသပေါင်းစုံကရောက်ရှိလာတဲ့ မြန်မာ ပြည်သားများအနေနဲ့ ဒီကမ္ဘာ့ အေအိုင်ဒီအက်စ်နေ့ အခမ်းအနားမှာ ဒီလို စုဆုံပြီးတော့ မိမိတို့ရဲ့ ကျန်းမာရေးအတွက် မိမိတို့ရဲ့ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက်၊ မိမိတို့ကနေလာပြီးတော့ ပူးပေါင်းဆောင်ရွက်တဲ့ အတွက် အများကြီးပဲ ဝမ်းသာဂုဏ်ယူပါတယ်။ ဒီထက်ပိုပြီးတော့လည်း လုပ်ငန်းပိုင်းဆိုင်ရာ အားလုံးမှာ ပူးပေါင်းဆောင်ရွက်နိုင်ကြမယ်လို့ ယုံကြည်တယ်လို့ပြောရင်း နိဂုံးချုပ်ပါတယ်။”

ဒီအခမ်းအနားကို မြန်မာပြည်တွင်း အနယ်နယ်အရပ်ရပ်က အိပ်ချ်အိုင်ဗီ ဝေဒနာရှင်အချို့လည်း တက်ရောက်ခဲ့ပြီး အိပ်ချ်အိုင်ဗီ ဝေဒနာရှင်တွေကို ပြည်သူတွေအနေနဲ့ ခွဲခြားဆက်ဆံခြင်းမလုပ်ကြဖို့၊ ကိုယ်ချင်းစာနာနိုင်ဖို့ တွေကိုလည်း ပြောသွားပါတယ်။